# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၆ )
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ ရရှိသော တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) ရာထူးနေရာ (၇၉) (ကျား ၃၉ + မ ၄၀) နေရာ နှင့် **e-Government** ဌာန၊ ဒုတိယဦးစီးမှူး ရာထူးနေရာ (ကျား/မ) (၁) နေရာ လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ ရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ **(က) တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်)** လျှောက်ထားသူသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အနိမ့်ဆုံးဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီဘွဲ့) ရရှိပြီးသူဖြစ်ရမည်။

(၃) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) ကိုယ်လက်အင်္ဂါပြည့်စုံ၍ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(၅) **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့** တွင် အသက် (၂၅) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ မဟာဥပဒေဘွဲ့ ရရှိသူဖြစ်ပါက အသက် (၂၈) နှစ်ထက် မကြီးသူ ဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၂၇) နှစ်ထက် မကြီးသူ ဖြစ်ရမည်။

(၆) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (**Dismissal**)၊ ရာထူးမှ ထုတ်ပယ်ခြင်း(**Removal**) များ လျှောက်ထားခွင့်မရှိပါ။

**(ခ) e-Government ဌာန၊ ဒုတိယဦးစီးမှူးရာထူး လျှောက်ထားသူသည် -**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အနိမ့်ဆုံး **B.C.Sc, B.E(IT), B.C.Tech, B.E(IST)** ဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်။

(၃) တက္ကသိုလ်တစ်ခုခုမှ အခြားဘွဲ့တစ်ခုခုရရှိပြီး နည်းပညာဆိုင်ရာ ဒီပလိုမာဘွဲ့ တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်။

(၄) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၅) ကိုယ်လက်အင်္ဂါပြည့်စုံ၍ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။

(၆) **၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့** တွင် အသက် (၂၇) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၇) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (**Dismissal)**၊ ရာထူးမှ ထုတ်ပယ်ခြင်း(**Removal)** များ လျှောက်ထားခွင့်မရှိပါ။

၃။ (က) တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ် (၄) ခုကို ဖြေဆိုရမည်-

- မြန်မာစာ
- အင်္ဂလိပ်စာ
- အထွေထွေဗဟုသုတ
- ဥပဒေဘာသာရပ်

(၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့်အထွေထွေဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ)

(ခ) **e-Government** ဌာန၊ ဒုတိယဦးစီးမှူးရာထူး လျှောက်ထားသူသည် ရေးဖြေ စာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ် (၄) ခုကို ဖြေဆိုရမည်-

- မြန်မာစာ
- အင်္ဂလိပ်စာ
- အထွေထွေဗဟုသုတ
- နည်းပညာဘာသာရပ်

(ဂ) ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်။

၄။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ် ( ကျပ်တစ်ထောင်တိတိ ) ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးခွဲ) များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ် (အမ်ဒီ-၀၁၀၂၅၉) သို့ ပေးသွင်းရပါမည် သို့မဟုတ် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ-၀၁၀၂၅၉) သို့ လည်းပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ (စာတိုက်အမည်ပါ) ဖော်ပြ၍ လျှောက်လွှာနှင့်အတူ -

(က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမှုရင်း (သို့မဟုတ်) ချလံမူရင်း

(ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါမူရင်းတင်ပြနိုင်ရမည်)

(ဂ) အမှတ်စာရင်းမိတ္တူမှန်၊

(ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ် မိတ္တူမှန် (သို့မဟုတ်) အခြေခံပညာ အထက်တန်း စာမေးပွဲ အောင်လက်မှတ် မိတ္တူမှန် (စစ်ဆေးသည့်အခါ မူရင်း တင်ပြနိုင်ရမည်)

(င) လူမှုရေး ဆောင်ရွက်ချက် အကျဉ်းချုပ်နှင့် ဓါတ်ပုံ (၁) ပုံ၊

(စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးထံမှ **(၁၇-၁၀-၂၀၂၆)** ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် မူရင်း

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၆။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့် ပြည့်စုံကြောင်း ဆေးလက်မှတ် တင်ပြနိုင်ရမည်။

၇။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထား ရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲ ဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ချလံကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက (၂)စောင်နှင့် ဝန်ထမ်း မဟုတ်သူများ (၁) စောင် ဝယ်ယူဖြည့်သွင်းလျှောက်ထားရပါမည်။

၈။ (က) ဝန်ထမ်းများသည် လျှောက်လွှာ(၁)စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာ (၁) စောင်ကို မိမိတို့ တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲမှ တစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန် ဖြစ်သည်။

(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ၂၈-၁၁-၂၀၂၆ နှင့် ၂၉-၁၁ -၂၀၂၆ ရက်နေ့တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၂၆-၁၁-၂၀၂၆ နှင့်၂၇-၁၁-၂၀၂၆ ရက်နေ့တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ အောက်ပါအတိုင်း လာရောက်ထုတ်ယူရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖြေဆိုခွင့် လက်မှတ်များကို ထုတ်ပေးမည်မဟုတ်ပါ။

**စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူမည့်နေရာ**

| | |
|---|---|
| **ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း မကွေး၊ မန္တလေး၊ ရှမ်း** | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး<br>မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်<br>မန္တလေးမြို့ |
| **ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ** | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး<br>ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်<br>ရန်ကုန်မြို့ |

၁၀။ လျှောက်လွှာနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်